# ၂၀၂၄ ခုနှစ် ဧပြီလအတွင်း လူ့အခွင့်အရေးအခြေအနေ
# အနှစ်ချုပ် ခြုံငုံတင်ပြချက်

လစဉ်ထုတ်ဝေမှု အမှတ်စဉ် (၁)

ပထမအကြိမ်၊ ဧပြီလ၊ ၂၀၂၄

# နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် မြန်မာစစ်တပ်က နိုင်ငံအာဏာကို တရားမဝင်သိမ်းယူခဲ့ပြီးနောက် နိုင်ငံတဝန်းလုံး၌ နိုင်ငံရေးအကြမ်းဖက်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံရေးကိုအခြေခံကာ ဆက်စပ်ဖြစ်ပေါ်လာသည့် လူမှုရေး၊ စီးပွားရေး ပြိုကျပျက်စီးမှုများစွာ တောက်လျှောက်ဖြစ်ပေါ်လာခဲ့သည်။ ၂၀၂၁ ဖေဖော်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများစွာက မှတ်တမ်းတင်ဖော်ပြလျက်ရှိနေသည်ကို မိမိတို့ သတိပြုမိသည်။

အဓိကာရအဖွဲ့သည်လည်း လူ့အခွင့်အရေးအဖွဲ့တခုအနေဖြင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အနှစ်ချုပ်ခြုံငုံတင်ပြချက်များ လစဉ်ရေးသားထုတ်ပြန်လျက်ရှိသည်။ အဆိုပါလေ့လာသုံးသပ်ချက်ကို တလအတွင်းထွက်ရှိသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သုတေသနနှင့် လေ့လာသုံးသပ်ချက် အစီရင်ခံစာများနှင့် အမှီအခိုကင်းသောသတင်းမီဒီယာများ၏ မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များကို အခြေခံ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လအလိုက်ရေးသားပြုစုခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ဧပြီလအတွက် လူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ အဓိကာရမှ ၂၀၂၄ ခုနှစ် ဧပြီလအတွင်း ထွက်ရှိသော အဖွဲ့အစည်းသုံးခု၏ အစီရင်ခံသုံးစောင်နှင့် သတင်းမီဒီယာ ခုနစ်ခု၏ သတင်း၊ ဆောင်းပါး အပုဒ်ရေ ၆၅၀ ခန့်ကို အဓိကာရမှ စုဆောင်းလေ့လာ၍ အနှစ်ချုပ်ရေးသားခဲ့သည်။ ဧပြီလအတွက် လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်၍ အဓိကတွေ့ရှိရသော ခေါင်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

## ၂၀၂၄ ခုနှစ် ဧပြီလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

၁။ စစ်မှုထမ်းစနစ်ကို အလျင်အမြန် အကောင်အထည်ဖော်လာခြင်းနှင့် အဓမ္မ စစ်သားစုဆောင်းခြင်း၊
၂။ မြန်မာနိုင်ငံတွင် လူလတ်တန်းစားများ ပျောက်ကွယ်လာပြီး ဆင်းရဲမွဲတေမှုမြင့်တက်လာခြင်းနှင့် စီးပွားရေးအခြေအနေ၊
၃။ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ။

## ၂၀၂၄ ခုနှစ် ဧပြီလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်းမှတ်တမ်းဖော်ပြချက်များ

၁။ စစ်မှုထမ်းဥပဒေကြောင့် ပြည်သူများ ကြုံတွေ့နေရသည့် အခြေအနေများ၊
၂။ ကျားဖြန့်လုပ်ငန်းများ လည်ပတ်မှုနှင့် ဖမ်းဆီးခံရမှု အခြေအနေ၊
၃။ ၂၀၂၄ ခုနှစ် သင်္ကြန်ကာလနှင့် ပတ်သက်သည့် ဖြစ်ရပ်များ၊
၄။ မြဝတီတွင်ဖြစ်ပွားလျက်ရှိသော တိုက်ပွဲအခြေအနေများ။

# ၂၀၂၄ ခုနှစ် ဧပြီလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးအစီရင်ခံစာများ

## ၁။ စစ်မှုထမ်းစနစ်ကို အလျင်အမြန် အကောင်အထည်ဖော်လာခြင်းနှင့် အဓမ္မစစ်သား စုဆောင်းခြင်း

၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ဗမာ့ရေးရာနှင့်ပဋိပက္ခ လေ့လာရေးအဖွဲ့ (BACS)က စစ်ကောင်စီ၏ စစ်မှုထမ်းစနစ်ကို အလျင်အမြန် အကောင်အထည်ဖော်လာခြင်းနှင့် စပ်လျဉ်း၍ အနှစ်ချုပ်အစီရင်ခံစာတစောင် ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာသည် နိုင်ငံတဝန်းရှိ ပြည်သူ ၂၅၀၀ ကို အွန်လိုင်းမှတဆင့် ကျပန်း မေးမြန်းမှုများပြုလုပ်ပြီး သတင်းမီဒီယာပါ အချက်အလက်များနှင့် စစ်ကောင်စီ ထုတ်ပြန်ချက်များကို အခြေခံကာ လေ့လာသုံးသပ်ထားခြင်းဖြစ်သည်။ ပါဝင်ဖြေဆိုသူ ၂,၅၀၀ သည် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုမှ မြို့နယ်ပေါင်း ၁၇၄ မြို့နယ်အတွင်းရှိ ရပ်/ကျေး အုပ်ချုပ်ရေးနယ်မြေ ၄၉၈ နယ်မြေအတွင်း နေထိုင်ကြသူများဖြစ်ကြသည်ဟု အဆိုပါ အစီရင်ခံစာက ဆိုသည်။

၁၀၂၇ စစ်ဆင်ရေး စတင်ပြီး လပိုင်း အကြာတွင် မြန်မာစစ်တပ်သည် စစ်ရေးရှုံးနိမ့်မှုများနှင့် ရင်ဆိုင်ရကာ စစ်တပ်အင်အားဖြည့်တင်ရေးအတွက် အဓမ္မ စစ်သားစုဆောင်းရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် အသက်သွင်းခဲ့သည်။ ထိုသို့အတည်ပြုခဲ့ပြီးနောက် နှစ်လ အကြာတွင် နိုင်ငံတဝန်းရှိ စစ်သင်တန်းကျောင်း ၁၅ ကျောင်းသို့ စစ်မှုထမ်းရန် စုဆောင်းခံထားရသည့် လူငယ်ဦးရေ ၅,၀၀၀ ဝန်းကျင်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

စစ်မှုထမ်းဥပဒေကြောင့် အဓိက ပစ်မှတ်ထားစုဆောင်းခံရသည့် အသက်အရွယ်အပိုင်းအခြားမှာ ၂၄ နှစ်မှ ၃၀ နှစ်အတွင်းဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးနှင့် နေပြည်တော်တို့မှ လူငယ်များ အများဆုံးဖြစ်သည်ဟု အစီရင်ခံစာအရသိရှိရသည်။ စစ်မှုထမ်းဥပဒေကို အသက်သွင်းပြီးသည့်နောက် ပြည်သူ့စစ် (ပျူစောထီး ) အဖြစ် စုဆောင်းမှု ပြုလုပ်ခဲ့သည့် မြို့နယ်ပေါင်း ၄၀ ရှိခဲ့ပြီး စုဆောင်းခံရသူ ၂,၁၀၀ ကျော်အထိရှိကာ ၎င်းတို့တွင် ရိုဟင်ဂျာ ၉၀၀ ကျော်ပါဝင်သည် ဟု အစီရင်ခံကအရ သိရသည်။ စစ်မှုထမ်းရန် စုဆောင်းခံရသူ အများစုမှာ လက်ရှိ ဖြစ်ပွားနေသည့် နိုင်ငံရေးအခြေအနေကို နားမလည် စိတ်မဝင်စားသူများ၊ ငွေကြေးချို့တဲ့ဆင်းရဲသူများ ဖြစ်သည်ဟုလည်း ဆိုသည်သည်။ စစ်မှုထမ်း ဥပဒေကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်ရသည့် လူငယ် ၁ သိန်းဝန်းကျင်ရှိသည်ဟုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

တော်လှန်ရေးအင်အားစုများအနေဖြင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများကို စည်းရုံးထိန်းချုပ်ထားနိုင်မှုအပေါ် မူတည်၍ စစ်မှုထမ်း အစီအစဉ် အောင်မြင်မှု မရှိအောင် ပြုလုပ်နိုင်သည်ဟု အစီရင်ခံစာတွင် အကြံပြု ဖော်ပြထားသည်။

## ၂။ မြန်မာနိုင်ငံတွင် လူလတ်တန်းစားများ ပျောက်ကွယ်လာပြီး ဆင်းရဲမွဲတေမှုမြင့်တက်လာခြင်းနှင့် စီးပွားရေးအခြေအနေ

မြန်မာနိုင်ငံတွင် ဆင်းရဲမွဲတေမှု မြင့်တက်လာခြင်းနှင့် ပတ်သက်သည့် အခြေအနေများကို စစ်တမ်း ကောက်ယူ ပြုစုထားသော အချက်အလက်များကို အခြေခံကာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှခွဲခြမ်း စိတ်ဖြာကာ ၂၀၂၄ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် Poverty and the Household Economy of Myanmar: A Disappearing Middle Class ဟူသော အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

ယင်းအစီရင်ခံစာသည် 2023 People's Pulse Survey (PPS) စစ်တမ်းအတွင်း ကောက်ယူခဲ့သည့် အချက်အလက်များကို အသုံးပြုကာ သုံးသပ်ရေးသားထုတ်ဝေနေသည့် အစီရင်ခံစာ အစုမှ တစောင်ဖြစ်သည်။ PPS စစ်တမ်းကို ၂၀၂၃ ခုနှစ် ဇွန်လ ၁၅ ရက်မှ အောက်တိုဘာလ ၁ ရက်အထိ အိမ်ထောင်စု ၁၂,၆၀၀ ကျော်ကို ကွန်ပျူတာအထောက်အကူပြု တယ်လီဖုန်းဖြင့် ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုများ (CATI) လုပ်ဆောင်ကာကောက်ယူခဲ့ခြင်းဖြစ်သည်။

စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ဝင်ငွေအခြေအနေများကို မေးမြန်းကောက်ယူရာ နဂိုရှိရင်းစွဲအတိုင်းဟု ဖြေဆိုသူ ၅၇ ရာခိုင်နှုန်းရှိပြီး ဝင်ငွေကျဆင်းလာကြောင်း ဖြေဆိုသူ ၃၇ ရာခိုင်နှုန်း ရှိသည်။

၂၀၂၁ ခုနှစ် ဖေဖော် ဝါရီလ စစ်တပ်၏ အာဏာသိမ်းမှုသည် မလုံခြုံမှုများနှင့် ပဋိပက္ခများ ဖြစ်စေခြင်းကိုသာမက ဆိုးရွားသော စီးပွားရေးအကျိုးဆက်များကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ယခုအခါ နိုင်ငံ့လူဦးရေ၏ ၄၉.၇ % သည် ၂၀၂၃ နှစ်ကုန်အထိ တနေ့ဝင်ငွေအနေဖြင့် နိုင်ငံအဆင့် ဆင်းရဲမွဲတေမှုသတ်မှတ်ချက်ဖြစ်သည့် ၁၅၉၀ ကျပ်အောက်တွင် နေထိုင်နေကြရသည်။ ယင်းသည် ၂၀၂၂ ခုနှစ်က ပမာဏ ၄၆.၃ ရာခိုင်နှုန်းနှင့်ယှဉ်လျှင် အနည်းငယ် တိုးပွားခြင်း ဖြစ်သော်လည်း လွန်ခဲ့သောခြောက်နှစ် ၂၀၁၇ ခုနှစ်က ပမာဏ ၂၄.၈ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက နှစ်ဆခန့် မြင့်တက်လာခြင်း ဖြစ်သည်။

## ၃။ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ ၂၀၂၄ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် ခေါ်ယူကျင်းပခဲ့သော အစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် သက်တမ်းတိုးခြင်း ကိစ္စရပ်ကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာတစ်စောင် ထွက်ရှိခဲ့သည်။

မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေးအခြေအနေ ခေါင်းစဉ်ဖြင့် ဆုံးဖြတ်ချက်အမှ တ် (A/HRC/55/L.17) တွင် ကောင်စီသည် လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်ကို သက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့သည်။ လူ့အခွင့်အရေးကောင်စီ၏ ငါးဆယ့်ခြောက်ကြိမ်မြောက် အစည်းအဝေးတွင် နောက်ဆုံးဖြစ်ပေါ်မှု အခြေအနေများကို နှုတ်ဖြင့်တင်ပြရန်နှင့် အထူးကိုယ်စားလှယ်မှ ခုနစ်ဆယ့်ရှစ် ကြိမ်မြောက် အထွေထွေညီလာခံတွင် တတိယကော်မတီသို့ အစီရင်ခံစာ တင်သွင်းရန် တောင်းဆိုထားသည်။ ကောင်စီ၏ ငါးဆယ့်ရှစ်ကြိမ်မြောက် အစည်းအဝေးတွင် လူ့အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်သူ များ၏ ပံ့ပိုးကူညီမှုဖြင့် အထူးကိုယ်စားလှယ်ကို မြန်မာနိုင်ငံ၏

လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများ အား ဆက်လက်စောင့်ကြည့်ရန်နှင့် အမှီအခိုကင်းသော အကြံပြုချက်များကို အကောင်အထည်ဖော်ရန်၊ နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်နှင့် လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သော နောက်ထပ်ခြေလှမ်းများဆိုင်ရာ အကြံပြုချက်များ ပြုလုပ်ရန်၊ လုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံအခြေအနေအပေါ် ဆက်လက် အာရုံစိုက်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို ဖြေရှင်းရန် ခိုင်မာသော အကြံပြုချက်များအား ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

မြန်မာနိုင်ငံဆိုင်ရာ သီးခြားဆုံးဖြတ်ချက် တစ်ရပ်အနေဖြင့် ကောင်စီသည် အထူးကိုယ်စား လှယ်၏ လုပ်ပိုင်ခွင့်ကို တိုးမြှင့်ခြင်း၊ ကုလသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများအပါအဝင် အမျိုးမျိုးသော အဖွဲ့စည်းများထံမှ နောက်ဆုံးဖြစ်ပေါ်မှု အခြေအနေများအား တောင်းခံရန်၊ မြန်မာနိုင်ငံ၏လက်ရှိ အကျပ်အတည်းများကို ဖြေရှင်းရန်၊ ရိုဟင်ဂျာ အပါအဝင် ဒုက္ခသည်များနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းနေထိုင်ရန် ဖိအားပေးခံရသူများအားလုံး လုံခြုံစွာနှင့် သိက္ခာရှိစွာ နေရပ်ပြန် နိုင်ရေးနှင့် အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်ခံ ရမှုများအတွက် တာဝန်ရှိသူများ ကို တာဝန်ခံမှုရှိစေရေး လုံခြုံရေးကောင်စီက ဆက်လက်အာရုံစိုက်ရန် တိုက်တွန်းထားသည်။

အစီရင်ခံစာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ စိန်ခေါ်မှုများအတွက် လူ့အခွင့်အရေးကောင်စီ၏ လုပ်ဆောင်ချက် များကို ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်ဖြေရှင်းသွားမည့် ကတိကဝတ် တစ်ခုကို အလေးပေးဖော်ပြခဲ့သည်။ အစီရင်ခံစာ တွင် အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်ကို သက်တမ်းတိုးခြင်း၊ လိင်တူဆုံမက်သူများအပေါ် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများ ကို တိုက်ဖျက်ရန်၊ လူနည်းစုအခွင့် အရေးများကို အကာအကွယ်ပေးရေးနှင့် လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့်ကို မြှင့်တင်ခြင်းများတွင် ကောင်စီ၏ ဆက်လက်စောင့်ကြည့်ခြင်းနှင့် ကြားဝင်ဆောင်ရွက် ပေးခြင်း၏ အရေး ပါမှုကို မီးမောင်း ထိုးပြခဲ့သည်။

## ၂၀၂၄ ခုနှစ် ဧပြီလအတွင်း လေ့လာတွေ့ရှိရသော လူ့အခွင့်အရေးဆိုင်ရာ သတင်း မှတ်တမ်းဖော်ပြချက်များ

### ၁။ စစ်မှုထမ်းဥပဒေကြောင့် ပြည်သူများ ကြုံတွေ့နေရသည့် အခြေအနေများ

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ လ တွင် စစ်ကောင်စီမှ စစ်မှုထမ်းဥပဒေကို အသက်သွင်းပြီးချိန်မှ စ၍ ယခုဧပြီလအထိ စစ်မှုထမ်း ဥပဒေ၏ ရိုက်ခတ်မှုသည် ကြီးကြီးမားမား ရှိနေကြောင်း မီဒီယာများကို လေ့လာချက်အရ တွေ့ရှိရသည်။ စစ်ကောင်စီ လက်အောက်မှ ရပ်ကျေးအုပ်ချုပ်ရေးမှူးများသည် နိုင်ငံအနှံ့တွင် စစ်သားသစ် စုဆောင်းရေးအတွက် စစ်မှုထမ်းရန် အသက်ပြည့်မီသည့် လူစာရင်း ကောက်ခံလျက်ရှိပြီး စစ်မှုမထမ်းလိုသော ပြည်သူများအကြား မဖြစ်မနေ မဲနှိုက်ရသည့် စနစ် ပေါ်ပေါက်လာသည်။ စစ်မှုမထမ်းလိုပါက အုပ်ချုပ်ရေးမှူးများကို တရားမဝင် လာဘ်ငွေပေးရမှုများရှိလာသလို အချို့ဒေသများတွင်လည်း စစ်မှုထမ်းရန် မဲပေါက်သူများနေရာတွင် အစားထိုးဝင်ရောက်နိုင်သူကို အခကြေးငွေပေးကြသည် ဟု သတင်းဌာနများက ဖော်ပြ သည်။ ထိုသို့ စစ်မှုထမ်းရန် စာရင်းကောက်ခြင်း၊ ဆင့်ခေါ်ကာ စစ်သင်တန်းတက်စေခြင်း တို့ကြောင့် ငွေကြေးတတ်နိုင်ပြီး အဆက်အသွယ်ရှိသော လူငယ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် လုပ်သားများသည်

ပြည်ပသို့ ပြောင်းရွှေ့ တိမ်းရှောင်လာနေကြသည်။ စစ်မှုမထမ်းလိုသော ငွေကြေးမတတ်နိုင်သည့် ဆင်းရဲနွမ်းပါးသူများနှင့် ပြည်ပထွက်ရန် အချိတ်အဆက် ခက်ခဲသော လူငယ်များအကြားတွင် ရွေးချယ်ရန်နည်းလမ်းမရှိသည့်အခါ မိမိကိုယ်ကို အဆုံးစီရင်သည်အထိ ဖြစ်လာသည့် ကိစ္စရပ်များ ပေါ်ပေါက်လာသည်ကို သတင်းဖော်ပြချက်များအရသိရှိရသည်။ တနိုင်ငံလုံး ကျေးလက်၊ မြို့ပြမကျန် စစ်မှုထမ်းရန် အတင်းအကြပ်စေခိုင်းမှုများပြုလုပ်နေသော်လည်း ပုဂ္ဂလိကဘဏ်၊ ခရိုနီကုမ္ပဏီနှင့် စစ်တပ်စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများကို စစ်ထဲမသွင်းရန် စစ်ကောင်စီနှင့် ခရိုနီများအကြား အကြိုသဘောတူညီမှုများ ရထားသည်။ Mytel နှင့် MEC ကဲ့သို့သော စစ်တပ်စီးပွားရေးလုပ်ငန်းများမှ ဝန်ထမ်းများလည်း စစ်မှုထမ်းဆိုင်းငံ့ခွင့်ရမည်ဖြစ်ပြီး စစ်တပ်ပိုင် Mytel နှင့် မိတ်ဖက်ကုမ္ပဏီများမှ ဝန်ထမ်း ၁၀၀ ခန့် နုတ်ထွက်စာတင်အပြီးတွင် ၎င်းတို့ကို စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပေးရန် စစ်တပ်ဘက်က သဘောတူညီခဲ့ခြင်းဟု Delta News Agency ၏ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်

## ၂။ ကျားဖြန့်လုပ်ငန်းများ လည်ပတ်မှုနှင့် ဖမ်းဆီးခံရမှု အခြေအနေ

တရုတ်အစိုးရ၏ တောင်းဆိုမှုကြောင့် စစ်တပ်လက်အောက်တွင် တာဝန်ထမ်းဆောင်နေသော ရာထူးကြီး စစ်တပ်အရာရှိများနှင့် ကြံ့ခိုင်ရေးပါတီဝင်များကို စစ်တပ်မှ ဖမ်းဆီးထားကြောင်း ဧပြီလအတွင်း မီဒီယာများတွင် ဖော်ပြသည်။ ကာကွယ်ရေးဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်းကို လောက်ကိုင်အခြေစိုက် ကျားဖြန့်လုပ်ငန်းများနှင့် ဆက်စပ်မှုကြောင့် နေပြည်တော်တွင် ဖမ်းဆီးစစ်ဆေးနေသည်ဆိုသည့် သတင်းနှင့်အတူ ကြံ့ခိုင်ရေးပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်ဟောင်းနှင့် အမတ်ဟောင်း ဖြစ်သူ အငြိမ်းစားဒုဗိုလ်ချုပ်ကြီး ဦးမြင့်လှိုင်ကို ဧပြီ ၁၈ရက်တွင် ဖမ်းဆီးလိုက်ပြီး စစ်ဆေးမှုများ ပြုလုပ်နေသည်ဟု မီဒီယာများ၏ ဖော်ပြချက်များအရ သိရှိရသည်။ ကျားဖြန့်နှိမ်နင်းရေး ဆက်လက်အရှိန်မြှင့်တင်ရန် တရုတ်သံရုံးက စစ်ကောင်စီကို သတိပေးနေပြီး ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ရာပြည့်သည်လည်း ကျားဖြန့်ဂိုဏ်းများကို နှိမ်နင်းရာတွင် အဓိကအကျဆုံး တရုတ်အရာရှိ ပြည်သူ့လုံခြုံရေးဝန်ကြီး Wang Xiaohong ၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ငါး ရက်ကြာ ခရီးသွားရောက်နေသည်ဟု စစ်ကောင်စီထုတ် သတင်းစာများတွင် ရေးသားဖော်ပြသည်။ သို့ရာတွင် တရုတ် ငွေလိမ်လုပ်ငန်းများသည် စစ်ကောင်စီသစ္စာခံ ဗိုလ်မှူးကြီးစောချစ်သူဦးဆောင်သည့် နယ်ခြားစောင့်တပ် (BGF) ထိန်းချုပ်နယ်မြေအတွင်းသို့ အလုံးအရင်းဖြင့် ပြောင်းရွှေ့နေထိုင်ပြီး ကျားဖြန့်လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိသည်ဟု အမေရိကန်ပြည်ထောင်စု၊ ငြိမ်းချမ်းရေးအင်စတီကျု (USIP) အဖွဲ့၏ ဆောင်းပါးတပုဒ်တွင် ဖော်ပြထားသည်။ ငွေလိမ်လုပ်ငန်းများ အခြေစိုက်ရာ ရွှေကုက္ကိုစီမံကိန်းမှ BGF က နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၉၂ သန်းရရှိပြီး ထိုထဲမှ စစ်ကောင်စီတပ်ကလည်း ၅၀ ရာခိုင်နှုန်းရရှိနေသည်ဟု ထိုဆောင်းပါးတွင် ရေးသားထားသည်။

## ၃။ ၂၀၂၄ ခုနှစ် သင်္ကြန်ကာလနှင့် ပတ်သက်သည့် ဖြစ်ရပ်များ

သင်္ကြန်ကာလသည် မြန်မာများ တန်ဖိုးထားနွဲပျော်ကြသော နှစ်သစ်ကူးပွဲတော်ကာလ ဖြစ်သော်လည်း စစ်တပ်က အာဏာသိမ်းပိုက်ထားသည့် လွန်ခဲ့သော သုံးနှစ်တာ ကာလတွင် ရေမစိုသည့် တော်လှန်သင်္ကြန်အနေဖြင့် ဖြတ်သန်းခဲ့ကြရသည်။ ယခုနှစ်တွင် တော်လှန်ရေး အင်အားစုများ အားကောင်းသည့် လွတ်မြောက်နယ်မြေများနှင့် ဒေသအချို့တွင် ယခင်ကဲ့သို့ စည်စည်ကားကားကျင်းပခြင်းမရှိသည့်တိုင် ရေကစားခြင်း၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းများ ရှိလာပြီး သင်္ကြန်အငွေ့အသက်များ ပြန်လည် အသက်ဝင်လာသည်။ အာဏာသိမ်း စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် စစ်ဗိုလ်ချုပ်များသည်လည်း သင်္ကြန်ပွဲတော် ဆင်နွှဲရန် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့ရှိ စစ်တက္ကသိုလ်တွင် ရောက်ရှိနေပြီး ထိုသို့

ရောက်ရှိနေချိန် ဧပြီ ၁၄ ရက်ညတွင် ပြည်သူ့ကာကွယ်ရေးတပ်မတော်-မန္တလေး(MDY-PDF)က ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သတင်းမီဒီယာဖော်ပြချက်တွင် တွေ့ရှိရသည်။ ပြင်ဦးလွင်အခြေစိုက် စစ်ကောင်စီတပ်များကလည်း လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ပြီး လူနေရပ်ကွက်များ၊ ဆေးရုံ၊ ဘုန်းကြီးကျောင်းတို့အပေါ် လက်နက်ကြီးကျည်ကျရောက်ကာ ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုများလည်းရှိခဲ့သည်။ ထို့နောက် အစဉ်အလာအရ နှစ်ဆန်း ၁ ရက်နေ့တွင် တနိုင်ငံလုံးရှိ အကျဉ်းထောင်များမှ အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်လေ့ရှိရာ နိုင်ငံရေးအကျဉ်းသားများ ပြန်လွတ်လာရန် မိသားစုဝင်များက မျှော်လင့်ခဲ့ကြသည်။ သို့သော်လည်း နိုင်ငံတဝန်း ရှိ အကျဉ်းထောင်များမှ အကျဉ်းသား ၃၃၀၃ ဦးကို စစ်ကောင်စီက ပြန်လွှတ်ပေးရာ နိုင်ငံရေးအကျဉ်းသား အနည်းငယ်သာပါရှိခဲ့သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဖမ်းဆီးခံရသူအများစုသည် စစ်ကောင်စီထုတ်ပြန်ချက်တွင် ချန်လှပ်ခဲ့သော ဥပဒေပုဒ်မ များဖြင့်သာ တရားစွဲထောင်ချခံထားရသည်။ နှစ်ဆန်း ၁ ရက်နေ့ ညနေထိ နိုင်ငံတဝန်းရှိ အကျဉ်းထောင် ၁၃ ခုမှ နိုင်ကျဉ်း ၈၁ ဦး ပြန်လည်လွတ်မြောက်လာပြီး၊ လွတ်လာသူများထဲတွင် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC) ဥက္ကဋ္ဌဟောင်း သိက္ခာတော်ရဆရာတော် ဒေါက်တာ ခလမ်ဆမ်ဆွန်၊ NLD အစိုးရလက်ထက် ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးနေဝင်း၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးဇော်ဝင်းနှင့် ရခိုင်အမျိုးသမီးကွန်ရ က်ဥက္ကဋ္ဌ ဒေါ်ညိုအေး တို့ပါဝင်သည်။ ဗကသများအဖွဲ့ချုပ်မှ ကျောင်းသားခေါင်းဆောင်များ၊တက္ကသိုလ်ကျောင်းသားသမဂ္ဂ(တကသ)အသီးသီးမှ ကျောင်းသားခေါင်းဆောင် များ ပါဝင်လာခြင်းမရှိဟု သမဂ္ဂအဖွဲ့များကအတည်ပြုကြောင်း သိရှိရသည်။ မြစ်ကြီးနားထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသည့် ဒေါက်တာခလမ်ဆမ်ဆွန်ကို စစ်ကောင်စီက ၂၄ နာရီ မပြည့်ခင်ပင် ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။

## ၄။ မြဝတီတွင်ဖြစ်ပွားလျက်ရှိသော တိုက်ပွဲအခြေအနေများ

ဧပြီလအတွင်း လေ့လာတွေ့ရှိရသော သတင်းဌာနများ၏ဖော်ပြချက်များအရ ၂၀၂၄ ခုနှစ် မတ်လအစောပိုင်းမှ စတင်ခဲ့သော မြဝတီမြို့၊ သဃ်န်းညီနောင်တိုက်ပွဲသည် ဧပြီလအထိ စစ်ကောင်စီ ခြေမြန်တပ်များနှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်မဟာ ၆ ဦးဆောင်သော မဟာမိတ်ပူးပေါင်းတပ်များအကြား အပြန်အလှန် တိုက်ပွဲပြင်းထန်လျက်ရှိပြီး စစ်ကောင်စီ၏ လေကြောင်းနှင့်လက်နက်ကြီးကြောင့် အရပ်သား ထိခိုက်သေဆုံးမှုများလည်း ရှိနေသည်။ သဃ်န်းညီနောင်ရှိ စစ်တပ်ဗျူဟာကုန်းနှင့် ခမရ ၃၅၇ ကို KNLA နှင့် မဟာမိတ်တပ်များ ပူးပေါင်းထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီး စခန်းများကို သိမ်းပိုက်ရရှိခဲ့သည်ဟု မီဒီယာဖော်ပြချက်တွင် တွေ့ရှိရသည်။ တပ်မိသားစုများနှင့် တပ်ဖွဲ့ဝင်အရေအတွက် ၆၁၇ ဦး လက်နက်ချခဲ့ပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေတွင် အရေအတွက်အများဆုံး လက်နက်ချမှု ဖြစ်လာခဲ့သည်။ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့တွင်လည်း စစ်စခန်းများကို KNLA နှင့် မဟာမိတ်တပ်များက ဆက်လက် ထိုးစစ်ဆင်နေပြီး စစ်ကောင်စီတပ်များကလည်း ခုခံပစ်ခတ်နေသည်။ စစ်ပွဲကြောင့် အရပ်သားအများစု နေရပ်စွန့်ခွာ ထွက်ပြေးနေပြီး ကော့ကရိတ်မြို့၏ နယ်မြေအများအပြားကို တော်လှန်ရေးပူးပေါင်းတပ်က ထိန်းချုပ်ထားသည်ဟု ထုတ်ပြန်ချက်တွင် တွေ့ရသည်။ တိုက်ပွဲများကြောင့် ထိုင်းတော်ဝင်စစ်တပ်က နယ်စပ်တွင် လုံခြုံရေးတင်းကျပ်ထားပြီး ကင်းလှည့်နေသည်။ ထို့နောက် နှစ် ရက်ကြာ မြဝတီမြို့တွင် အပစ်အခတ် ရပ်ထားရာမှ စစ်ကောင်စီ ခလရ (၂၇၅) တပ်ကို KNLA နှင့် မဟာမိတ်တပ်များ က တိုက်ခိုက်မှု စတင်ပြီး တိုက်ပွဲပြင်းထန်ချိန်တွင် စစ်တပ်က စစ်ယာဉ်တန်းများနှင့် စစ်ကူတပ်များ စေလွှတ်သည်။ ထို့ အပြင် နယ်စပ်ကုန်သွယ်ရေးမြို့ လက်မလွှတ်ရရေးအတွက် လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှု ၁၆ ကြိမ်ခန့်ပါ ပြုလုပ်ခဲ့သည်။ သို့သော်လည်း ခလရ (၂၇၅) ကို ကရင်တော်လှန်ရေးပူးပေါင်းတပ်များက ဧပြီလ ၁၁ ရက်တွင်

သိမ်းပိုက်နိုင်ခဲ့ပြီး ကျန်ခဲ့သည့်စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် နယ်ခြားစောင့်တပ် (BGF) များ လုံခြုံရေးယူထားသည့် မြဝတီမြို့အတွင်း ဝင်ပြေးသွားသည်။ မြဝတီမြို့ရှိ စစ်စခန်းများကို ရရှိပြီးချိန်၌ KNU ၏ စိုးမိုးထိန်းချုပ်နယ်မြေသည်လည်း ပိုမိုကျယ်ပြန့်လာနေသည်။ သို့ရာတွင် ဧပြီလ ၂၃ ရက်နေ့က စစ်ကောင်စီတပ် မြဝတီမြို့စောင့်တပ် ခြေလျင်တပ်ရင်း (၂၇၅) တပ်စခန်း ပြန်ရရန် ကရင်ပြည်နယ် နယ်ခြားစောင့်တပ် (BGF) ကူညီခဲ့ပြီး စစ်ကောင်စီဘက်မှ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ တိုက်ပွဲကာလအတွင်း မြန်မာ–ထိုင်း မြဝတီ နယ်စပ်ကုန်သွယ်ရေး ရပ်ဆိုင်းသွားသဖြင့် စစ်ကောင်စီက ရနောင်း–ကော့သောင်း–ရန်ကုန် ရေလမ်းကြောင်းကို အစားထိုး အသုံးပြုရန် စီစဉ်နေကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ သို့သော် စစ်တပ်ပြန်လည်ထိန်းချုပ်ပြီးနောက် ဧပြီလ ၂၇ တွင် အမှတ် (၁) ချစ်ကြည်ရေးတံတားကို ပြန်ဖွင့်ပေးလိုက်ပြီး ဧပြီလ ၃၀ ရက်တွင် အမှတ် (၂) ချစ်ကြည်ရေးတံတားကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။